## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators-AEO) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## ရန်ကုန် နိုဝင်ဘာ ၂၀

နံနက် (၀၉း၀၀) နာရီတွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators-AEO) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို ကုန်သည် စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ်နှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ် လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မောင်ဦးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များစုစုပေါင်း (၁၃၇) ဦး တက်ရောက်ခဲ့သည်။

### အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း

အကောက်ခွန်ဦးစီးဌာနမှ AEO ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော Importer ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Technology Industry Co.,Ltd ကို စည်းကမ်း လိုက်နာမှုအတွက် AEO (Level-1) အဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ကြောင်းသိရသည်။




အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားစဉ်




မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူးမှ အမှာစကားပြောကြားစဉ်




Proven Technology Industry Co., Ltd အား AEO အသိအမှတ်ပြုလက်မှတ်ချီးမြှင့်စဉ်



အခမ်းအနားတက်ရောက်သည့် အစိုးရဌာန၊အဖွဲ့အစည်းများအားတွေ့ရစဉ်



အခမ်းအနားတက်ရောက်သည့် ကုမ္ပဏီ၊ အသင်းအဖွဲ့များအားတွေ့ရစဉ်




စုပေါင်းဓာတ်ပုံမှတ်တမ်းအား တွေ့ရစဉ်